## မြန်မာနိုင်ငံမှာ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးဖို့ အချိန်ရောက်လာပါပြီ

*(ကာရင် ဖင်ကယ်လ်စတန်၊ အက်ဆက် ဇန် ထရော့စန်ဘတ်ဂ် နှင့် မိုက်ကယ် ဂမ်မ်ဆာ တို့ ရေးသားသည်)*

မြန်မာပြည်သူ၊ ပြည်သားများသည် အမှောင်ကမ္ဘာတွင် နေလာကြသည်မှာ အတော်ကြာခဲ့ပြီ ဖြစ်သည်။ ဤအမှောင်ကမ္ဘာကို အလင်းပေးရန် အချိန်လည်း တန်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မီးတင်းနေထိုင်ကြသော လူဦးရေသန်းခြောက်ဆယ်အနက် လူလေးယောက်တွင် သုံးယောက်သည် လျှပ်စစ်ဓါတ်အား ရယူသုံးစွဲနိုင်သည့် အခွင့်အရေးမရရှိကြပေ။ ဤသို့ လျှပ်စစ်မီး မရရှိခြင်းကြောင့် ကလေးများ ညအခါ စာမကြည့်နိုင်ကြပေ။ စီးပွားရေး လုပ်ငန်းများအနေဖြင့်လည်း နေ့ခင်းဘက်တွင် မလည်ပတ်နိုင်သကဲ့သို့ ဆေးရုံ၊ ဆေးခန်းများ၌လည်း ပြည်သူများ၏ ကျန်းမာရေးအတွက် အရေးကြီးလှသော ဆေးဝါးများကို ရေခဲသေတ္တာထဲထည့်ပြီး အအေးဓါတ်ပေးကာ သိမ်းဆည်းထား၍ မရနိုင်ပါ။

လျှပ်စစ်ဓါတ်အား သုံးစွဲခွင့် ရရှိခြင်းသည် အရာရာကို ပြောင်းလဲသွားစေပါသည်။ ရွာငယ်လေးတစ်ရွာရှိ လုပ်ငန်းရှင်တစ်ဦးသည် မိမိ၏ ကုန်သွယ်ဂယ်ရောင်းလုပ်ငန်းများကို ချဲ့ထွင်နိုင်လိမ့်မည်။ ကျေးလက်နေ ပြည်သူများ အချင်းချင်းသော်လည်းကောင်း၊ ဝေးလံသီခေါင်သော ရွာများသို့ လည်းကောင်း ဆက်သွယ်ပြောဆိုနိုင်မည့် လက်ကိုင်ဖုန်းများအတွက်လည်း ဓါတ်အားသွင်းနိုင်မည်။ ကျေးလက်နေ အိမ်ထောင်စုများအတွက်လည်း ထင်းမီးဖို သုံးစွဲခြင်းကြောင့်နေအိမ်အတွင်း လေဝင်လေထွက် မကောင်းပဲ လေထုညစ်ညမ်းမှု အန္တရာယ်ရှိခြင်းများကိုလည်း လျှော့ချနိုင်မည်။ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအင်ကို ပြည့်ပြည့်ဝဝ အသုံးပြုခွင့်သာ ရရှိမည်ဆိုပါက စီးပွားရေးကဏ္ဍအား ထူးခြားကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆင်းရဲချို့တဲ့၍ အားနည်းရှာသော ဘဝများကို မြှင့်တင်ပေးနိုင်ရန် အခွင့်အလမ်းများ ရရှိလာပေမည်။

မြန်မာအစိုးရသည် ဆယ်စုနှစ်ပေါင်းများစွာ အလုမ်းဝေးခဲ့သော နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ မှစ၍ ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပြီ ဖြစ်သည်။ အစိုးရသည် စာနယ်ဇင်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးအား ပွင့်လင်း ရဲတင်းစွာ ထုတ်ဖော်ပြောကြားခွင့် ပြုခဲ့ပြီး ငွေလဲလှယ်ရာ၌လည်း တရားဝင်ပေါက်ဈေးနှင့်ပြင်ပပေါက်ဈေးကို အနီးစပ်ဆုံးဖြစ်အောင် ထိန်းညှိနိုင်ခဲ့သည့်အပြင် ပြင်ပဈေးကွက်များတွင်လည်း ၎င်းတို့လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်စေသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများ၏ အာရုံစိုက်မှုကို ရရှိနိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ချမှတ်ရေးဆွဲပြီးဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ၎င်း၏ လူမှုရေး၊ စီးပွားရေးမျှော်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်မည်ဆိုပါက ဆောင်ရွက်စရာ များစွာ ရှိနေပါသေးသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးကို ဖြစ်ထွန်းစေမည့် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက် လုပ်ဆောင်သွားနိုင်ရေးသည် မြန်မာ နိုင်ငံ အစိုးရ အတွက် အဓိကကျသည့်ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ထို့အတူ နိုင်ငံတကာ လူ့အဖွဲ့အစည်းကလည်း မြန်မာနိုင်ငံကို ပံ့ပိုးကူညီရန် လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်နှင့် အာဆီယံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သို့ ပေးရန်ရှိသောကြွေးကျန်များကိုလည်း အကျေအလည် ရှင်းလင်းခဲ့ပြီ ဖြစ်ပြီး ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကိုကျွန်ုပ်တို့ ပြန်လည် အာရုံစိုက် လုပ်ဆောင်သွားမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် နိုင်ငံတကာ ဗဟုသုတများ၊ ပြဿနာ ဖြေရှင်းပုံများနှင့် နောက်ခံ အကြောင်းတရားပေါ် မူတည်၍ အဖြေထုတ်နိုင်ရန် အကောင်းဆုံးသောကျင့်သုံးမှုများကို ဝေမျှသိရှိစေပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေး ကဏ္ဍများအား အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန် ပံ့ပိုးကူညီခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် တိုင်းပြည်စီးပွားရေး

ခိုင်မာတောင့်တင်းရေးအတွက် လယ်ယာထွက်ကုန် တိုးတက်မြင့်မားအောင် မည်သို့ လုပ်ဆောင် ကြမည်၊ ပြည်သူ့ ဘဏ္ဍာရေး ကို မည်သို့ စီမံခန့်ခွဲမှု ပြုလုပ်ကြမည် စသည်တို့ကို အစိုးရနှင့် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ပိုမိုလင်းလက်တောက်ပမည့် အနာဂတ်ကို ဖန်တီးရာတွင် နိုင်ငံ့ခေါင်းဆောင်များသည် အခွင့် အလမ်းများ တိုးတက်မြင့်မားရေးနှင့် လျှပ်စစ်ဓါတ်အား မပြတ်မလတ်ရရှိရေးတို့ကို အဓိက ဦးစားပေး အချက်များ အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့ပြီဖြစ်သည်။ ဤအချက်ကို အကောင်အထည် ဖော်နိုင် ရန် ကမ္ဘာ့ဘဏ်ကလည်း ၎င်း၏ များပြားစုံလင်သော အတွေ့အကြုံများအပြင် လျှပ်စစ်ထုတ်လုပ်ရေးနှင့် တိုးချဲ့နိုင်ရေး အတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ကူညီပေးသွားပါမည်။ နောင်လာမည့် အနာဂတ်ကာလများတွင် စီးပွား ရေးအခွင့်အလမ်းများအား အရှိန်အဟုန်မြင့်မားစွာ ရှာဖွေလာကြမည်ဖြစ်သော မြန်မာ့လူ့အဖွဲ့အစည်းကို ဖြည့်ဆည်း ပေးရန်အတွက် တိုင်းပြည်၏ လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းကို ဆက်လက် လည်ပတ်ရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှု တစ်ရပ်မှာ ရေတို လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ပေသည်။

ကံကောင်းသည့်အချက်တစ်ချက်မှာ မြန်မာနိုင်ငံပိုင်ဆိုင်သော ရေမ ရေအားလျှပ်စစ်စွမ်းအင်နှင့် သဘာဝ ဓါတ်ငွေ့ သည် သင့်လျော်မှန်ကန်စွာ ဆောင်ရွက်မည်သာဆိုပါက လျှပ်စစ်စွမ်းအားကို တစ်သတ်မတ်တည်း ထိန်းညှိ ထုတ်လုပ် ပေးနိုင်မည်ဖြစ်သည်။ လက်ရှိအနေအထားတွင် လျှော့ချခြင်း စနစ်ကို ကျင့်သုံးခြင်းကြောင့် ထုတ်လုပ်လိုက်သော လျှပ်စစ်ဓါတ်အားသည် သုံးစွဲသူများထံ ဖြန့်ဝေခြင်းမပြုမီကပင် ဓါတ်အား၏ လေးပုံတစ်ပုံသည် အလဟဿ ဖြစ်သွား သည်။ ပြည်တွင်းရှိ လျှပ်စစ်စွမ်းအင် လိုအပ်ချက်သည် ပေးဝေနေသော ဓါတ်အားထက် ၃၀% ခန့်ပင် ပိုများနေသည်။

လာအို ပြည်သူ့ ဒီမိုကရက်တစ် ရီပတ်ဘလစ်နိုင်ငံနှင့် ဗီယက်နမ်တို့အား ကမ္ဘာ့ဘဏ်က လျှပ်စစ်ဓါတ်အားကို အမြောက်အများ တိုးချဲ့ထုတ်လုပ်၍ သုံးစွဲနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပြီး လျှပ်စစ်၏ စွမ်းအားသည် ဘဝအခြေအနေများကို ပြောင်းလဲစေကြောင်း ၎င်းတို့က သက်သေထူခဲ့ပြီ ဖြစ်သည်။ လာအိုတွင် ပြည်သူလူထု၏ ၈၇%၊ ဗီယက်နမ်တွင် ၉၇% သည် လျှပ်စစ်ဓါတ်အားကို ရယူသုံးစွဲနိုင်ကြပြီး ၎င်းတို့ နှစ်နိုင်ငံ၏ စီးပွားရေး အနေအထားများ ထောင်မတ်လာသည် မှာ အကျိုးရလာဒ်ပင် ဖြစ်ပါသည်။

အမြဲမပြတ် လိုအပ်နေသော လျှပ်စစ်ဓါတ်အား လိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံသည် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ အလားအလာကို သိမြင်နားလည်လာခဲ့သောကြောင့် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အစုစပ်လုပ်ငန်းများအား စူးစမ်း လေ့လာခဲ့ပြီး လျှပ်စစ်ဓါတ်အား လွတ်လပ်စွာ ထုတ်လုပ်ရေးကို ရှေ့ပြေးအနေဖြင့် လုပ်ဆောင်ကြည့်ရန် ပြုလုပ်လာ ခဲ့သည်။

လက်ရှိအနေအထားအရ အရေးကြီးသည့်အချက်မှာ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးလုပ်ငန်း၏ အဓိကစီမံကိန်းကို သာလျှင် အရေးပေါ် ဦးစားပေးအဖြစ် ဆောင်ရွက်ခြင်းဖြင့် ရှေ့ပြေးစမ်းသပ်မှုများကို တစ်ခုချင်းစီ နောက်တစ်ဆင့်သို့ တက်လှမ်းရန်ဖြစ်သည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အစုစပ်လုပ်ငန်းများကိုလည်း ပုဂ္ဂလိက စီးပွားရေးကဏ္ဍအတွက် ငွေအရင်းအနှီးများစိုက်ထုတ်ပေးနိုင်သော၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု တစ်လျှောက် (လျှပ်စစ်ဓါတ်အား စတင် ထုတ်လုပ်သည်မှအစ သုံးစွဲသူများထံသို့ ဖြန့်ဖြူးပြီးသည်အထိ) နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်နိုင်သော စံပြများအဖြစ် ယူဆထားသင့်ပေသည်။

ကျနသေချာစွာ အကောင်အထည်ဖော်ထားသည့် နည်းဗျူဟာသည် တိုင်းပြည်၏ ယိုယွင်းနေသော လျှပ်စစ်စွမ်းအင် မဏ္ဍိုင်ကြီးအတွင်း ဓါတ်အား ပြတ်တောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး လျှပ်စစ်ဓါတ်အားစနစ်သို့ ပြောင်းလဲသုံးစွဲမှု များကို မြှင့်တင်ပေးနိုင်ရန်အတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့် ကြိုဆိုနိုင်မည် ဖြစ်ပါသည်။ ဤ

အချက်သည် မြန်မာနိုင်ငံသားများအားလုံး လျှပ်စစ်ဓါတ်အားကို ကုန်ကျစရိတ်သက်သာစွာ ပြည့်ပြည့်ဝဝ ရယူခံစားနိုင်စေမည့် လမ်းကြောင်းဆီသို့ အမြန်ဆုံး ရောက်ရှိစေပါလိမ့်မည်။

ယခုအချိန်သည် စီးပွားရေးအမြင်ဖြင့်သော်လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရှုထောင့် အရသော်လည်းကောင်း အနာဂတ်ကာလအတွက် လိုအပ်ချက်များကို တစ်သမတ်တည်း ဖြည့်စွမ်းပေးနိုင်မည့် ဗျူဟာမြောက်သော ဆုံးဖြတ်ချက်များကို ချမှတ်ရန် အချိန်ဖြစ်ပါသည်။ ပုဂ္ဂလိက စီးပွားရေး ကဏ္ဍများ၏ တစ်ပေါင်းတစ်စည်းတည်းဖြစ်သော အတွေ့အကြုံများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများသည် အဓိက ကျနေပါသည်။

ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် စီးပွားရေး ကဏ္ဍများအပြင် အခြားသော ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ပှမ်းလုံးအတွက် ကာလတို အကျိုးစီးပွားအတွက်ရော ကာလရှည် အတွက်ပါ တစ်သမတ်တည်း ရရှိပိုင်ဆိုင်နိုင်စေခြင်းငှါ မြန်မာနိုင်ငံ၏ လျှပ်စစ် စွမ်းအင် အဆောက်အအုံကြီးနှင့် စွမ်းအင် အရင်းအမြစ်များကို ပြန်လည် အသက်သွင်းနိုင်ရန် လိုအပ်သော မတည်ငွေများကို ပံ့ပိုးပေးနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ ကျေးလက်နေ ပြည်သူများနှင့် မြို့ပြအိမ်ထောင်စုများသည် ကာလကြာရှည်စွာ အမှောင်ထုထဲတွင် နေခဲ့ကြရသည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်း လျှပ်စစ်မီး ရသင့်သည်မှာလည်း ကြာခဲ့ပြီ ဖြစ်ပါသည်။

IFC ၏ အာရှပစိဖိတ်ဆိုင်ရာ ဒုဥက္ကဌ ဖြစ်ပြီး ကမ္ဘာ့ဘဏ်၏ အမှုဆောင်တစ်ဦးလည်းဖြစ်သူ ကာရင် ဖင်ကယ်စတန်သည် ပေါ်ပေါက်လျက်ရှိသော ဈေးကွက်သစ်များအတွင်း ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားခဲ့သည်။ အက်ဆက် ဗန် ထရော့စန်ဘတ်ဂ် သည် ဆင်းရဲမှု လျှော့ချရေးနှင့် ပြည်သူ့ အကျိုးစီးပွား ဖွံ့ဖြိုးမှုတည်ဆောက်ရေးတို့အတွက် နိုင်ငံတကာ အသိပညာ ဗဟုသုတများ၊ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်း ပံ့ပိုးမှုများပေးစွမ်းရာ ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့်  ပစိဖိတ်ဒေသဆိုင်ရာ ဒုဥက္ကဌ တစ်ဦးဖြစ်သည်။ မိုက်ကယ် ဂမ်မ်ဆာသည် MIGA ၏ ဒုဥက္ကဌ တစ်ဖြစ်လဲ စီမံခန့်ခွဲရေး အရာရှိချုပ်ဖြစ်ပြီး ကမ္ဘာ့ဘဏ်၏ အမှုဆောင်တစ်ဦးလည်းဖြစ်ကာ *ဖွံ့ဖြိုးဆဲနိုင်ငံများတွင်* ရင်းနှီးမြှပ်နှံမှုများကို အာမခံပေးရသည်။